ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ထုတ်ပြန်ကြေညာချက် ( ၇ /၂၀၂၂ )
၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ( ၁၂ ) ရက်
၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ( ၂၃ ) ရက်

## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့်ပတ်သက်သည့်ကြေညာချက်

၁။ ပြည်တွင်း/ ပြည်ပလုပ်ငန်းရှင်များ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ သတ္တု၊ ကျောက်မျက်နှင့် ပုလဲ လုပ်ငန်းရှင်/ ကုမ္ပဏီများအနေဖြင့် အကြမ်းဖက်အာဏာသိမ်းစစ်ကောင်စီနှင့် စီးပွားရေးအပါအဝင် မည်သည့်ကိစ္စရပ်ကိုမဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပူးပေါင်းပါဝင် ပတ်သက်ခြင်း မပြုရန် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ၂၇.၄.၂၀၂၁ ရက်စွဲပါ ကြေညာချက် (၁/၂၀၂၁) ဖြင့်လည်းကောင်း၊ ၂၉.၆.၂၀၂၁ ရက်စွဲပါ ကြေညာချက် (၂/၂၀၂၁) ဖြင့်လည်းကောင်း မေတ္တာရပ်ခံ ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါသည်။

၂။ သို့သော် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းသည် စစ်ကောင်စီလက်အောက်ခံ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ပူးပေါင်း၍ ကျောက်မျက်ရတနာပြပွဲများ ကျင်းပပြုလုပ်ခြင်း၊ စီမံကိန်းများရေးဆွဲရာတွင် ပါဝင်ခြင်း စသည့်ကိစ္စရပ်များလုပ်ဆောင်လျက်ရှိပါသည်။ ထို့အတူ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း အနေဖြင့် (၂၀၂၂-၂၀၂၅) ဆဋ္ဌမသက်တမ်းအတွက် အလုပ်အမှုဆောင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့များပြန်လည်ရွေးချယ် တင်မြှောက်ရန် (၁၉.၈.၂၀၂၂) ရက်စွဲဖြင့် ကြေညာ၍ စစ်ကောင်စီနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။

၃။ အကြမ်းဖက်စစ်ကောင်စီသည် ၎င်းတို့အာဏာရရှိရေးနှင့် ဝင်ငွေရရှိရေးအတွက် ပြည်သူများကိုဖိနှိပ်၍ မတရားဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ရပ်ရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူပိုင်ပစ္စည်းများကိုလုယူခြင်း၊ ငွေကြေးချမ်းသာကြွယ်ဝသူများကို ပစ်မှတ်ထား အမှုဆင်ဖမ်းဆီးခြင်း၊ ငွေကြေးတောင်းခံခြင်း၊ နေအိမ်ပိုင်ဆိုင်မှုများကို ချိပ်ပိတ်သိမ်းဆည်းခြင်းများ ပြုလုပ်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်သည်။ ယခုကဲ့သို့ မိမိတို့ပြည်သူတရပ်လုံး ဒုက္ခပင်လယ်ဝေနေချိန်တွင် တိုင်းပြည့်ရတနာဖြစ်သည့်သူဌေးသူကြွယ်၊ လုပ်ငန်းရှင်ကြီးများအနေဖြင့် ပြည်သူ့ရန်သူစစ်ကောင်စီကို အထောက်အကူမပြုသင့်ဘဲ ပြည်သူနှင့်အတူ ရပ်တည် ရင်ဆိုင်သင့်ချိန်ဖြစ်သည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအား နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်နေသော တရားမဝင်စစ်ကောင်စီကို အထောက်အပံ့ဖြစ်စေမည့် မည်သည့်ပူးပေါင်းမှုကိုမှ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းအနေဖြင့် ဆောင်ရွက်ခြင်း လုံးဝ မပြုလုပ်ရန်နှင့် အသင်း၏ တရားဝင်မှု မရှိသော (၁၉.၈.၂၀၂၂) ကြေညာချက်ပါ ရွေးချယ်ပွဲအား အမျိုးသားညီညွတ်ရေးအစိုးရက အသိအမှတ် မပြုပါကြောင်း အသိပေး ထုတ်ပြန်ကြေညာလိုက်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ